# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
(၂၅)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများ ပိတ်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၄)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၀၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထား ပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ၇-၃-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံတက်ရောက်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွန်ပေား၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ မျက်စိဆေးရုံပြန်ပြရန်။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဂျေယာဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၈ - ၁၅၀
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

၁။ ပြည်သူ့လွှတ်တော်က ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို ၁၉-၂-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၆-၂-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရောထွေးမှုမရှိစေရန်အတွက် ဥပဒေကြမ်းခေါင်းစဉ်နှင့် ဥပဒေကြမ်းတစ်ခုလုံးတွင် ပါရှိသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုသည့်စကားရပ်ကို လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပုဒ်မ ၂ ၏အောက်တွင် အခန်း (၂) ရည်ရွယ်ချက်များ အခန်းအဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

**၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-**

(က) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို စနစ်တကျပြုလုပ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် သုံးစွဲခြင်းတို့ပြုနိုင်ရန်၊

(ခ) ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများ အသုံးပြုသည့် လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိစေရန်၊

(ဂ) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ပြုလုပ်သုံးစွဲမှုများကို စနစ်တကျ ကြီးကြပ်နိုင်ရန်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင် များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက် နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တောဉက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထု ပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေး ထိုးပြီး ၁၂-၃-၂၀၁၈ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) (အတွင်းရေးမှူး၊ ဥပဒေကြမ်း ကော်မတီ)က တင်သွင်းသည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၁၃။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က ဒေါက်တာမြတ်ဉာဏစိုး ရဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးမှာဖြစ်ပါတယ်။

ယခု ဒီဥပဒေကို ပြင်ဆင်ထားတာကို လေ့လာကြည့်တဲ့အခါမှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ခြေဆင်းကို ပုဒ်မ ၄ မှာ ယခင် ပြဋ္ဌာန်းပြီးတဲ့ စာသားများရဲ့အဖွဲ့အစည်းများနှင့် မိမိသဘောဆန္ဒကြားမှာ ထည့်ပြီးတော့ အစားထိုးတဲ့စာသားဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ဆိုတဲ့ စာသားဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) မူလအခွင့်အရေးနှင့် တာဝန်များ ပြဋ္ဌာန်းတဲ့ ပုဒ်မ ၃၅၄ မှာပါတဲ့ ခြေဆင်းစာသားကို အခု ဥပဒေကြမ်းမှာ ထည့်ထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေး စီတန်းလှည့်လည်ခြင်းဟာ မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်၊ တစ်နည်းအားဖြင့် Public Opinion ပြည်သူ့ထင်မြင်ချက်၊ ဒါကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုတာဟာ ရေးသားဖြန့်ဝေခြင်းဖြစ်တာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၅၄ ပြဋ္ဌာန်းထားတာလည်း မိမိယုံကြည်ချက်၊ ထင်မြင်ချက်တွေကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုတာ ဖြစ်တာကြောင့် ယခု ပုဒ်မ ၄၊ ခြေဆင်းအစားထိုးခြင်းဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ပြင်ဆင်ထားတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းစွာ စုဝေးခြင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ ရဲ့ အပိုဒ်ခွဲ(ဃ)ကို အစားထိုးတာကို ထပ်ပြီးတွေ့ ရပါတယ်။ အဲဒီ ၄ ရဲ့ (ဃ)မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်မည့် အစီအစဉ် ခန့်မှန်းဦးရေ၊ ခန့်မှန်းကုန်ကျစရိတ်၊ ကုန်ကျမည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းလို့ အစားထိုးတဲ့ ဥပဒေကြမ်းမှာ ပြင်ဆင်ထားတာကို တွေ့ရပါတယ်။ ဒီဥပဒေရဲ့ မူလပြဋ္ဌာန်းချက်(ဃ)မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ လှည့်လည်ခြင်း ပြုလုပ်မည့် အစီအစဉ်နှင့် ခန့်မှန်းလူဦးရေလို့သာ ရေးထားတယ်။ အခုပြင်တဲ့စာသားကျတော့ ခန့်မှန်းကုန်ကျစရိတ်နဲ့ ကုန်ကျခံမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ထပ်ပြီးထည့်ထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆန္ဒပြခြင်းသဘောဟာ မိမိယုံကြည်ချက်ကို သဘောရိုးနဲ့ ပြည်သူ့ထင်မြင်ချက်ဖြစ်စေရန် အစိုးရနှင့် ပြည်သူ့ထင်မြင်ချက်အမှန်ကို သိရှိစေလိုသော သဘောဖြစ်ပါတယ်။ ဘယ်အဖွဲ့အစည်းမဆို နိုင်ငံရေးပါတီတွေပဲဖြစ်ဖြစ် အဖွဲ့အစည်းများဟာ အစိုးရနဲ့ ပြည်သူတွေရဲ့ကြားမှာ ပေါင်းကူးတံတားသဖွယ် ပေါင်းကူးဆက်စပ်ပေးရခြင်းဖြစ်ပါတယ်။ ပုဒ်မ ၄(ဃ)မှာ အစားထိုးတဲ့ စာသားဟာလည်းပဲ နိုင်ငံရေးပါတီဖြစ်ဖြစ် အဖွဲ့အစည်းဖြစ်စေ၊ ပုဂ္ဂိုလ်ဖြစ်စေ၊ လယ်သမားဖြစ်စေ၊ အလုပ်သမားဖြစ်စေ၊ အလုပ်ရှင်ဖြစ်စေ၊ ကျောင်းသားဖြစ်ဖြစ် အစရှိသည်တို့ဟာ သဘောရိုးနဲ့

လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခြင်းဟာ ပြည်သူ့ထင်မြင်ချက် Public Opinion လွတ်လပ်စွာ ဖော်ထုတ်ခြင်း ဖြစ်ပါတယ်။ ကုန်ကျစရိတ်နဲ့ ကုန်ကျမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ဆိုတာဟာလည်း ရှိမှာပါပဲ။ ဒီမိုကရေစီနိုင်ငံရဲ့ ဒီမိုကရေစီသဘောတရားဖြစ်တဲ့ ပြည်သူ့သဘောထား ထင်မြင်ချက်ဟာ ဒီမိုကရေစီရဲ့ စည်းမျဉ်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ရပ်ဖြစ်စေ၊ ဥပဒေပါ ပုဒ်မ တစ်ရပ်ဟာ Principle of Morality ကိုယ်ကျင့်သိက္ခာစည်းမျဉ်းနဲ့ ဆန့်ကျင်ရင် တရားဝင် မဟုတ်တော့ပါဘူး။ ဒီမိုကရေစီ အလေ့အကျင့်နဲ့ ဒီမိုကရေစီယဉ်ကျေးမှုအတွက် ကျွန်တော်တို့ လွှတ်တော်အနေနဲ့ အများပြည်သူ ကိုယ်ကျင့်သိက္ခာနဲ့ ဆန့်ကျင်တဲ့ လုပ်ရပ်များ ပေါ်မလာအောင် ဥပဒေနဲ့အညီ ပြဋ္ဌာန်းပေးရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပုဒ်မ ၄ (ဃ) အစားထိုးတာကို လက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

အခန်း(၇)၊ ပုဒ်မ ၁၈ ကို ဖြည့်ထားတာကို ကျွန်တော်ဆက်ပြီး ဆွေးနွေးပါမယ်။ ပုဒ်မ ၁၈ မှာ မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ ပျက်ပြားတန်ရာသော အခြေအနေ ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ငွေ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း၊ အခြားနည်းလမ်း တစ်ခုခုကိုသော်လည်းကောင်း၊ သုံးစွဲ၍ သူတစ်ဦးဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်း ခြင်းကိုပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်လို့ ဖြည့်စွက်ထားတာ ငွေ၊ ပစ္စည်း အခြားနည်းလမ်းတို့ဖြင့် စီတန်းလှည့်လည်ဆန္ဒပြခြင်းဟာ ပြည်သူ့ထင်မြင်ချက်လည်း မဟုတ်တော့ပါဘူး။ မိမိယုံကြည်ချက်၊ ထင်မြင်ချက်၊ ယူဆချက်ကို လွတ်လပ်စွာ ဖော်ထုတ်ခြင်းလည်း မဟုတ်တော့ပါဘူး။ ဥပမာအားဖြင့် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားထုတ်တာဟာ ကျောက်မီးသွေးမှထွက်တဲ့ မီးခိုးတွေဟာ အများအားဖြင့် အမှုန်အမွှားတွေဟာ ညစ်ညမ်းစေမှုဖြစ်တယ်။ ဒါပေမဲ့ ဒီလျှပ်စစ်ကိုထုတ်တဲ့ ကျောက်မီးသွေးကထုတ်တဲ့ ကိစ္စဟာ နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား လိုနေတယ်၊ စက်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားမယ့် အရေးတို့အတွက် ပြည်သူ့ထင်မြင်ချက် အစစ်အမှန်သိဖို့ လိုပါတယ်။ အဲဒီတော့ ပြည်သူ့သဘောထား၊ ယုံကြည်ချက်၊ လွတ်လပ်စွာ ဖော်ထုတ်မှုက အရေးကြီးတယ်။ တစ်ဖက်နဲ့တစ်ဖက် ပြည်သူ့သဘောထား၊ ထင်မြင်ချက် အစစ်အမှန် အဖြေထွက်လာတဲ့အထိ လုပ်ငန်းတွေကို အစိုးရဘက်ကလည်း ပြည်သူ့ ဘက်ကဖြစ်ဖြစ် ရအောင်ကြိုးစားရမယ်။ ဒါဟာ ဒီမိုကရေစီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးမှာ မေတ္တာပျက်စေလိုမှုနှင့် ဒါကို ကျွန်တော်တို့ ရာဇသတ် ကြီးမှာ ပုဒ်မ ၁၂၄(က)မှာ အဓိပ္ပာယ်ဖွင့်တဲ့အခါကျတော့ ရှင်းလင်းချက်မှာ မေတ္တာပျက်စေလိုမှုမှာ သစ္စာမဲ့ခြင်းနှင့် အငြိုးထားတဲ့စိတ် ဒီလိုစိတ်မျိုးနဲ့ ဆန္ဒပြမှုတွေ လုပ်လို့ရှိရင် ဒါဟာ နိုင်ငံရေးအရ Political Jealous ဖြစ်တဲ့အတွက် တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို အရှက်ရ အောင် ငွေ၊ ပစ္စည်းတွေပေးပြီး စီတန်းလှည့်လည်ဆန္ဒပြမှုတွေဟာ အများပြည်သူ ကိုယ်ကျင့်သိက္ခာနဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင်လုပ်တဲ့ လုပ်ရပ်များသာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငွေ၊ ပစ္စည်းတွေပေးပြီး စီတန်းလှည့်လည်မှုကို ဖန်တီးမယ်ဆိုရင် ဒီနေ့ အနည်းဆုံးလုပ်ခ နှုန်းထားက

ကျပ်(၄၈၀၀)ပဲဆိုပါစို့။ စီတန်းလှည့်လည်မှုမှာ ဆန္ဒပြမယ်ဆိုလို့ရှိရင် ကျပ်(၅၀၀၀/-)တစ်ယောက်ကို ပေးမယ်ဆိုရင် လူဦးရေတစ်ရာမှာ ကျပ်(၅)သိန်း၊ သုံးရာဆိုရင် ကျပ်(၁၅)သိန်းလောက်နဲ့တင် ကျွန်တော်တို့ အစိုးရကို အကြည်ညိုပျက်အောင် လုပ်လို့ရတဲ့ ဆန္ဒပြမှုတွေကို ကျပ်(၁၅)သိန်းနဲ့ မကြာခဏ ပြောင်းဖို့ လုပ်နေတာ တွေ့နိုင်နေပါတယ်။ ဒါမှမဟုတ် ရွေးကောက်တင်မြှောက်ခြင်းကို အစိုးရ လူနည်းစုက အများစု ပြည်သူကို အထင်အမြင်လွဲအောင် ဖန်တီးလို့ရတဲ့သဘောလည်း ဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံရေးမှာ ဖန်တီးလုပ်ဆောင်မှုဟာ မလုပ်သင့် မလုပ်ထိုက်တဲ့ လုပ်ရပ်ဖြစ်တဲ့အတွက် ပုဒ်မ ၁၈ မှာ ပြစ်ဒဏ်(၃)နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်ရန် ပြင်ဆင်ထားခြင်းဖြစ်တာကို တွေ့ရတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီ(၃)နှစ်ဆိုတဲ့ကိစ္စမှာ (၃)နှစ်အစား (၂)နှစ်ထက်မပိုတဲ့ ထောင်ဒဏ်နဲ့ ငွေဒဏ်ချမှတ်သင့်ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပေါ့စေလိုလို့ ကြောင်းရပ် ထိုးကာမှ ပိုလေးသွားမှာစိုးလို့ ကျွန်တော် ဆွေးနွေးလိုတာကတော့ အခန်း (၇) ပြစ်မှုနှင့်ပြစ်ဒဏ်များ ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ မှာပါတဲ့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ်ထက်မပိုသော ထောင်ဒဏ်အပြင် နေရာမှာ (၁)နှစ်ထက်မပိုသော ထောင်ဒဏ်အပြင်လို့ ပြင်ဆင်လိုပါတယ်။

ဒီပြင်ဆင်ချက်နှင့်ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြပါရစေ။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်တဲ့ ကချင်ပြည်နယ် မိုးမောက်မြို့နယ် မှာရှိတဲ့ လွယ်ဂျယ် ဒေသခံတွေရဲ့ လယ်ယာမြေသိမ်းဆည်းမှု ပြဿနာတွေ ကောင်းစွာ မဖြေရှင်းနိုင် သေးဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုရှုပ်ထွေးလာပါတယ်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံ ရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကတော့ စီမံကိန်းများ (၄)နှစ်အတွင်း အကောင်အထည် မဖော်နိုင်ရင် မူလ ဓားမဦးချ တောင်သူတွေကို ပြန်ပေးပါလို့ ညွှန်ကြားထားပေမယ့်လည်း မြေပြင်မှာ လက်တွေ့နှင့် များစွာကွဲလွဲနေပါတယ်။ တာဝန်ရှိ ကိုယ်စားလှယ်တွေ မဲဆန္ဒနယ်မြေမရောက်ခင် အာဏာပိုင်အချို့တို့နှင့်ပေါင်းပြီး လက်သိပ်ထိုးညှိနှိုင်းလုပ်ဆောင်နေခြင်းပဲလားလို့ သံသယရှိစရာပါ။

မူလပိုင်ရှင်ထံ လွှဲမပေးတဲ့အပြင် အတင်းအဓမ္မအုတ်တံတိုင်းခတ်ခြင်း၊ အဆောက်အဦ လျာထားခြင်းများ ပြုလုပ်နေတယ်လို့ ပုံဖော်ပြပါအတိုင်း အကြောင်းကြားလာပြီး မကျေနပ်တဲ့ မူလပိုင်ရှင် တွေက ဆန္ဒဖော်ထုတ်ဖို့ တကဲကဲဖြစ်နေကြပါတယ်။ ဆိုလိုတာက မြန်မာနိုင်ငံအတွင်းမှာ လယ်ယာမြေ ပြဿနာ၊ အလုပ်သမားပြဿနာများ ဒုနဲ့ဒေး ရှိနေသေးလို့ တကယ်လိုအပ်ချက်အရ သွေးရိုးသားရိုး ဆန္ဒဖော်ထုတ်လိုကြတဲ့ အောက်ခြေပြည်သူများအနေနဲ့ ခြေချော်လက်ချော်ဖြစ်ခဲ့ရင် ဥပမာ တကယ်

လိုအပ်ချက်ကြောင့် ဆန္ဒပြဖို့သွားမယ်ဆိုပါတော့၊ အဖိုးအဖွား၊ မောင်နှမဆီက စားစရိတ်၊ လမ်းစရိတ်လေးများ တောင်းလို့ ပေးမိလိုက်ရင် အလိုလိုနေရင်း အဖိုးနှင့်အဖွားတို့ပါ တရားခံဖြစ်လာနိုင်လေမလားလို့ ဥပဒေကို လိုရင်လိုသလို အသုံးချနိုင်တဲ့ လုပ်ပိုင်ခွင့်ရှိသူတွေကြောင့် မတတ်သာလို့ ပြစ်မှုမြောက်သွားခဲ့ရင်တောင် အခြေခံအလုပ်သမား၊ လယ်သမားတို့အနေနဲ့ အလွန်အမင်း နစ်နာရတယ်လို့ ယူဆမိတာကြောင့် ပြစ်ဒဏ်ကို ခုလို (၃)နှစ်အစား (၁)နှစ်အနေနဲ့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

လွှတ်တော်ကြီးကနေ လိုအပ်မယ်ထင်လို့ လက်နဲ့ရေးတဲ့ ပန်းချီကားတစ်ချပ်ကို အမည်တခြားတပ်ကာ မဆန့်ကျင်ရဲပေမယ့် မစည်ကားအပ်တဲ့အရပ်မျိုးမှာ ပြည်သူ၊ ပြည်သားတွေ မျက်နှာညှိုးငယ်စွာနှင့် ကိုယ့်လယ်ယာမြေ ပြဿနာတွေအတွက် ကိုယ့်လုပ်အားခဆိုင်ရာ အခွင့်အရေးတွေအတွက်နှင့် တစ်ခေတ်တစ်ခါတုန်းက ကျွန်တော်တို့ ကချင်ပြည်နယ်အပါအဝင် တစ်တိုင်းပြည်လုံးသောက်ရေလေးတစ်ခွက်၊ သစ်ခက်လေးတစ်နွယ်၊ သက်ကယ်လေးတစ်ပျစ် ကူညီပေးလိုက်ရုံနှင့် ပုဒ်မ ၁၇(၁) အဖြစ်နှင့် အပြတ်နွံနစ်ခဲ့ကြရတဲ့ ပုံရိပ်များစွာကို တွေးမြင်ယောင်ရင်း စနစ်ဟောင်းတစ်ခုရဲ့ သားကောင်များအဖြစ် အခုအချိန်အထိ ဖြစ်ခဲ့ရတဲ့၊ ဖြစ်နေဆဲဖြစ်တဲ့ တုံးအောက်ကဖားများသဖွယ် ဝန်ထမ်းကောင်း အလုပ်သမားများ၊ ကျေးဇူးရှင်လယ်သမားများအနေနဲ့ ဥပဒေရဲ့ လက်တစ်လုံးခြားဒဏ်အကြိမ်ကြိမ် ခံစားရနိုင်ဖွယ်ရှိနေလို့ ပြားတဲ့ဖားက ပြားပေမယ့်လည်း ဖောင်းတဲ့ဖားက ဖောင်းနေကြဦးမှာဖြစ်တဲ့အတွက် အဆိုပါပြစ်ဒဏ်နှင့်ပတ်သက်ပြီး လျှော့ပေါ့စဉ်းစား ပြဋ္ဌာန်းပေးသင့်ပါကြောင်း အကြံပြု ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ရှိ သိမ်းဆည်းခံ လယ်ယာမြေများ ပြဿနာမဖြေရှင်းသေးဘဲ အတင်းအဓမ္မ အုတ်တံတိုင်းကာထားသည့် မြင်ကွင်းပုံ (၈၈)



ပြဿနာနောက်မှရှင်း၊ အတင်းကာထား၊ ညွှန်ကြားထားသလားလို့ ဆိုသည့် မြင်ကွင်းပုံ (၉ခ-၁)



ရိုးရိုးသားသား လယ်သမားတွေကို မနစ်နာစေလို ဆိုသည့် မြင်ကွင်းပုံ (၉ခ-၂)



**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၃။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က စိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်ဖြည့်စွက်ချက် ပုဒ်မ ၁၈ နှင့်ပတ်သက်ပြီး ဆွေးနွေးသွားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စုဝေးချီတက် ဆန္ဒဖော်ထုတ်ခြင်း၊ တစ်နည်းအားဖြင့် ဆန္ဒပြခြင်းဆိုတာ အစိုးရကိုကောင်းတဲ့အလုပ်တွေ လုပ်ချင်စိတ် ဖြစ်ပေါ်လာအောင် လှုံ့ဆော်သလိုဖြစ်တာကြောင့် ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတိုင်းအတွက်တော့ ဗီတာမင် အားဆေးပါပဲလို့ အမေရိကန်နိုင်ငံရဲ့ (၂၆)ယောက်မြောက် သမ္မတ Theodore Roosevelt

က ပြောခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်း နိုင်ငံတော်ကို ဗီတာမင်ချို့တဲ့ပြီး ဒီမိုကရေစီချည့်နဲ့တဲ့ နိုင်ငံတော် မဖြစ်စေလိုတဲ့အတွက် အခုလို ဝင်ရောက်ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးစွာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာ ဥပဒေရဲ့ မူလဘူတဖြစ်တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၃၅၄ ကို လေ့လာ ကြည့်ကြပါစို့ခင်ဗျား။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေ များနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ (က) မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (ခ) လက်နက် မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အစရှိသဖြင့် ဖော်ပြထားပါတယ်။ ဆိုလိုတာက ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုတာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနှင့် မဆန့်ကျင်သရွေ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ ပြည်သူတို့ရဲ့ အခွင့်အရေးဖြစ်ကြောင်း သိသာထင်ရှား စေလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ၂၀၁၆ ခုနှစ်၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ဆက်လက် လေ့လာကြည့်ကြပါဦးစို့ခင်ဗျား။ ဒီဥပဒေမှာ အခန်း(၈)ခန်း၊ ပုဒ်မပေါင်း (၂၈)ခု ပါရှိပါတယ်။ ဥပဒေရဲ့ အခန်း (၅) စည်းကမ်းချက်များအပိုင်းမှာ ပုဒ်မ (၅)ခု ပါရှိပါတယ်။ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဈ)မှာ စည်းကမ်းချက်အနေနဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုလုပ်စေရန် မရိုးမဖြောင့်သောသဘောဖြင့် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ သွေးဆောင်ခြင်းမပြုရ။ ပုဒ်မခွဲ(ည)မှာတော့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် သူတစ်ဦးဦးအား ပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကြပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်းတို့ မပြုရ စတဲ့ စည်းကမ်းချက်တွေ ချမှတ်ထားပါတယ်။

အဲဒီစည်းကမ်းချက်တွေကို ဖောက်ဖျက်မယ်ဆိုရင်တော့ အခန်း(၇) ပြစ်မှုပြစ်ဒဏ်များအပိုင်း ပုဒ်မ ၂၀ မှာ မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ တို့ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၁) လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁၀၀၀၀) ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်(၂) ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၃) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၃၀၀၀၀) ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်(၂) ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ အဲဒီလို မူလဥပဒေမှာကတည်းက သက်ဆိုင်ရာပြစ်မှုအတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ်ကိုချမှတ်ထားပြီးသားဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုပြင်ဆင်ဖြည့်စွက်ချက် ပုဒ်မ ၁၈ ဟာ အရေးယူနိုင်မှုတွေကို ယေဘုယျ ဆန်တဲ့ စကားရပ်တွေနဲ့ ချဲ့ကားထားပြီးတော့ ပြစ်ဒဏ်ကို (၃)နှစ်အထိ တိုးမြှင့်သတ်မှတ်ထားတာ တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဈ)မှာ သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ သွေးဆောင်လျှင်ဆိုတဲ့စကားရပ်နဲ့ အခု ပြင်ဆင်ဖြည့်စွက်ချက်မှာ ပါတဲ့ ငွေ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း ဆိုတဲ့ စကားရပ်(၂)ခုဟာ အတူတူပဲဖြစ်ပါတယ်။

အကြောင်းအရာတူ ပြစ်မှုတစ်ခုအတွက် ဒီ ဥပဒေထဲမှာပဲ ပြစ်ဒဏ်က (၂)မျိုးဖြစ်နေတာ တွေ့ရှိရပါတယ်။ ဥပဒေရေးဆွဲရာမှာ ဒီလို ဆောင်ရွက်လို့ ရ၊ မရ ဆိုတာကတော့ ဥပဒေပညာနဲ့ မနီးစပ်တဲ့ ကျွန်တော် မသိပါဘူး။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ဖြည့်စွက်ချက် ပုဒ်မ ၁၈ ကို သုံးသပ်ကြည့်ရင် သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်းဆိုတဲ့ စကားရပ်တွေကိုတော့ မရိုးဖြောင့်တဲ့သဘောပါလို့ လက်ခံလို့ရနိုင်ပေမယ့် လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း ဆိုတာကတော့ သွားကြရအောင်ကွာ၊ သွားသင့်တာပေါ့လို့ ကိုယ့်အပေါင်းအသင်း မိတ်ဆွေတွေကို ပြောလိုက်မိတာနဲ့ပဲ ဒုက္ခရောက်နိုင်တဲ့အထိ အဓိပ္ပာယ်ကျယ်ဝန်းလွန်းပါတယ်။ အခြားနည်းတစ်ခုခုကို သော်လည်းကောင်း ဆိုတာက ပိုဆိုးပါတယ်။ ဒီ ပုဒ်မဟာ အရေးယူနိုင်မှုခွင်ကို ချဲ့ကားထားပြီးတော့ ပြစ်ဒဏ်ကို ပိုမိုကြီးလေးအောင် ဆောင်ရွက်ထားတာဖြစ်လို့ ရည်ရွယ်ချက် တစ်ခုခုအတွက် ဦးတည်ဆောင်ရွက်တယ် ဆိုနိုင်ပေမယ့် ပစ်မှတ်က ဥပဒေဆိုတာ ပြည်သူကို အကာအကွယ်ပေးဖို့ ရေးဆွဲထားတာဆိုတဲ့ အစဉ်အလာ မူဘောင်နှင့် ပြည်သူတို့ရဲ့ ဒီမိုကရေစီဆိုင်ရာ အခွင့်အရေးကိုပါ လာရောက်ထိမှန်နေပါတယ်။

နေ့တွက်စရိတ်လောက်ပေးလိုက်ရုံနဲ့ ပြည်သူတွေ လမ်းပေါ်ထွက်လာကြတယ်။ ကြီးလေးတဲ့ ပြစ်ဒဏ်ချမှတ်လိုက်ရင် လမ်းပေါ်ကို ထွက်ရဲတော့မှာ မဟုတ်ဘူးလို့ အထင်အမြင်နဲ့ ဒီပုဒ်မကို ပြင်ဆင်ဖြည့်စွက်ထားတယ်ဆိုရင်တော့ ဒါဟာ ပြည်သူတို့ရဲ့ ဒီမိုကရေစီဆိုင်ရာ အတွေ့အကြုံနဲ့ ယုံကြည်ချက်အပေါ်မှာ အထင်သေးတဲ့သဘော သက်ရောက်သွားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကို ဗဟိုပြုရပါတယ်။ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်ကို ဆန္ဒဖော်ထုတ်ပွဲတွေကတစ်ဆင့် ကြားသိနိုင်ပါတယ်။ ဒါကြောင့် ဆန္ဒပြပွဲ၊ ဆန္ဒဖော်ထုတ်ပွဲတွေကို ခွင့်ပြုရပါမယ်။ ဆန္ဒပြပွဲ၊ ဆန္ဒဖော်ထုတ်ပွဲတွေကို ခက်ခဲအောင်၊ ကြပ်တည်းအောင်၊ မလုပ်ဖြစ်အောင် ကန့်သတ်ချက်တွေ များစွာချထားမယ်ဆိုရင် ဒါ လွှတ်တော်ရဲ့ ဆောင်ပုဒ်နှင့် ညီညွတ်ခြင်းမရှိဘူးလို့ ဆိုနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်တုန်းက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလို့ ဆိုလိုက်တိုင်း စည်းကမ်းပြည့်ဝသောဆိုတာ မလိုပါဘူး။ ဒီမိုကရေစီဆိုကတည်းက စည်းကမ်းရှိပြီးသားလို့ ဆိုခဲ့ကြတဲ့ လူတွေ စံနှုန်းပြည့် ဒီမိုကရေစီဖြစ်ရေး၊ လူ့အခွင့်အရေး အပြည့်အဝရရှိရေးအတွက် လက်သီးလက်မောင်းတန်း တောင်းဆိုခဲ့ကြသူတွေ အများစု ဥပဒေပြုရေးမဏ္ဍိုင်ကိုရောက်ရှိခါမှ ဒီပုဒ်မသာ အတည်ပြုခဲ့ရင်တော့ ရှေ့နောက်စကားမညီ လူတွေရယ်စရာ ပြောစမှတ်ပြုစရာဖြစ်လာမှာ မြင်ယောင်ပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခါတစ်ရံမှာ ကျွန်တော်တို့က ပိုမိုကောင်းမွန်ခိုင်ခံ့အောင် အတင်းအကြပ် အတင်းရစ်ကြတဲ့အခါ မူလီတွေ အရစ်ပြုန်းသွားတာမျိုး ကြုံဖူးကြပါလိမ့်မယ်။ အဲဒီလိုပါပဲ အတင်းအကြပ် အတင်းရစ်လွန်းရင် ဒီမိုကရေစီလည်း အရစ်ပြုန်းတတ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လက်ရှိ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ကြီးကို ဗိတာမင်ချို့တဲ့သော၊ အရစ်ပြုန်းနေသော

ဒီမိုကရေစီ မဖြစ်စေရေး ဖြည့်စွက်ပြင်ဆင်ချက် ပုဒ်မ ၁၈ ကို ပယ်ဖျက်သင့်ပါကြောင်း စေတနာရှေ့ထား ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသူအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း ဆန္ဒပြုရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ ငြိမ်းစုစီ ဥပဒေကြမ်းကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ ပုဒ်မ ၂၊ ပုဒ်မခွဲ ၄၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၄၊ ပုဒ်မ ၁၈ တို့ကို အဓိကထား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီဥပဒေကို ပြင်ဆင်ရတာဟာ ဒီမိုကရေစီအစိုးရကို ဆန့်ကျင်သူတွေက လက်မဲကြီးတွေပေ့ါလေ။ အခုခေါ်တာ။ လက်မဲကြီးတွေက ငွေကြေးအခွင့်အရေးတွေနဲ့ လူထုကို စည်းရုံးပြီး ဆန္ဒပြပွဲတွေ ကျင်းပလာမှာကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေက စိုးရိမ်တဲ့အတွက် ကြိုတင်ပြီး ကာတဲ့ Full Stop လုပ်တဲ့အနေနဲ့ ဒီဟာကို ပြဋ္ဌာန်းတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ တကယ်ကတော့ ကျွန်တော်ကိုယ်တိုင်ရဲ့ ဆန္ဒအရလည်း ဒီလို ငွေကြေးပေးပြီးတော့ ဆန္ဒပြပွဲတွေလုပ်တာ၊ ဒီမိုကရေစီကို နောက်ကြောင်းပြန်စေချင်တဲ့ လူတွေက ဒီမိုကရေစီနောက်ကြောင်း ပြန်သွားအောင် ငွေနဲ့စည်းရုံးတာ၊ အခွင့်အရေးပေးတာ၊ အဲဒီလိုပေးပြီးတော့ မတည်မငြိမ်ဖြစ်အောင်လုပ်တာ၊ ဆန္ဒပြပွဲတွေဖြစ်အောင် လုပ်တာတွေကို ကျွန်တော် လုံးဝဆန့်ကျင်ပါတယ်။ အဲဒီလူတွေကိုလည်း ရွံချပါတယ်။ တစ်ချိန်တည်းမှာလည်း အဲဒီလိုလုပ်တာကို ကျွန်တော်တို့က ဘယ်လိုနည်းနဲ့ ကျွန်တော်တို့ တုံ့ပြန်ရမလဲ။ ဘယ်လိုနည်းနဲ့ ကာရမလဲဆိုတာကို ကျွန်တော်တို့ သေသေချာချာ ယထာဘူတကျကျ စဥ်းစားဖို့လိုပါတယ်။

ကျွန်တော်တို့ ဥပဒေလုပ်တယ်ဆိုတာ ဆန်စင်ရာ ကျည်ပွေ့လိုက်ဆိုတာလို လုပ်နေလို့ မဖြစ်ပါဘူး။ ဥပမာ ဆန္ဒပြပွဲတွေဖြစ်တယ်။ ဘေးက ပလက်ဖောင်းပေါ်ကလူ ဆန္ဒပြပွဲမှာ မပါဘဲ၊ ပလက်ဖောင်းပေါ်ကနေလိုက်ပြီးတော့ ဆန္ဒပြတဲ့ လူတွေကို လက်ခုပ်တီးမယ်၊ ဩဘာပေးမယ်၊ အော်မယ်၊ ဟစ်မယ်၊ ဒီလိုလူတွေကို တွေ့လာတဲ့အခါကျရင် တစ်ခါ ဥပဒေတစ်ခု တိုးပြီးတော့ ဒါတွေကို အရေးယူဖို့လုပ်မယ်ဆိုရင် ဥပဒေတွေက ဆုံးမှာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဒီမိုကရေစီပုံရိပ်ကို တိုးချဲ့ဖို့ လိုပါလိမ့်မယ်။ ကျွန်တော်တို့ အခု (၂)နှစ်ခွဲလောက်၊ (၂)နှစ်(၃)လ လောက် ရှိပါပြီ။ အဲဒီတော့ ဒီမိုကရေစီနှင့်ပတ်သက်ပြီး ကျွန်တော်တို့ လုပ်ဖို့လိုတယ်။ ကျွန်တော်တို့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဒီမိုကရေစီကို နောက်ကြောင်းပြန်အောင် လုပ်နေတဲ့လူတွေကို နိုင်ငံရေးနည်းနဲ့သာ ကျွန်တော်တို့က တားဆီးရမှာ ဖြစ်ပါတယ်။ တခြားဘယ်လိုနည်းနဲ့မှ တားဆီးလို့မရပါဘူး။ နိုင်ငံရေးနည်း၊ လူထုစည်းရုံးရေးနည်းနဲ့သာ တားဆီးရပါလိမ့်မယ်။ အဲဒီတော့ လူထုလိုအပ်တဲ့ဟာတွေကို ကျွန်တော်တို့အနေနဲ့

ဦးဆောင်ပြီးတော့ လုပ်ပေးနိုင်ဖို့ လိုပါတယ်။ ကျွန်တော်တို့ လူထုဟာ ကျွန်တော်တို့ဘက် ပါဖို့လိုပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ဒီမိုကရေစီအစိုးရ ဖြစ်နေတယ်ဆိုတာကလည်း ကျွန်တော်တို့ ပြည်သူတွေဟာ မနက်(၄)နာရီထပြီးတော့ မဲရုံမှာတန်းစီပြီး ကျွန်တော်တို့တွေကို ရွေးချယ်တင်မြှောက်ခဲ့တာပါ။ အဲဒီတော့ လူထုက ကျွန်တော်တို့ကို ထောက်ခံခဲ့တယ်။ ပြတ်ပြတ်သားသား ထောက်ခံခဲ့တယ်။ အဲဒီ ထောက်ခံခဲ့တဲ့ လူထုရဲ့ထောက်ခံမှုကို ကျွန်တော်တို့ ဆက်ရအောင် လုပ်ရလိမ့်မယ်။ ကျွန်တော်တို့ ဒီထက် အရေးကြီးတဲ့ ဥပဒေတွေ ပြဋ္ဌာန်းဖို့လိုတယ်။ နိုင်ငံမှာ ဒီလိုဟာမျိုးတွေလုပ်နေမယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဒီဥပဒေတွေက ၂၀၁၆ က ပြင်ဆင်ခဲ့တဲ့ ဥပဒေ၊ လက်ရှိ ငြိမ်းစုစီ ဥပဒေက ဒါကို လောလောဆယ်မှာ ဒီအတိုင်းပဲထားပြီးတော့ ဒီပြင်ဆင်ချက်တွေ လုံးဝကို မလုပ်သင့်ဘူးလို့ ကျွန်တော့် အနေနဲ့ မြင်ပါတယ်။

အဲဒီတော့ ဒီမိုကရေစီရဲ့ဘောင်ကို ကျွန်တော်တို့ တိုးချဲ့ဖို့လိုတယ်။ လူထုကို ကျွန်တော်တို့ ဘက်ပါအောင် စည်းရုံးဖို့လိုတယ်။ တကယ်လို့သာ ပြည်သူလူထုက ကျွန်တော်တို့ဘက် ပါရင်၊ ပါလည်း ပါနေတာပဲ။ ထောက်လည်း ထောက်ခံနေတာပဲ။ အခုထက်ထိ။ တကယ်လို့သာ ကျွန်တော်တို့က နိုင်ငံရေး Strategy မှန်လို့ရှိရင် ကျွန်တော်တို့ဘာမှ အခုန လက်မဲကြီးတွေ၊ လက်ညှိုးကြီးတွေ ဘာမှစိုးရိမ်စရာ မလိုပါဘူး။ သူတို့ လုပ်ချင်ရာလုပ်ပါစေ။ သို့သော် တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့ လက်ရှိ ရာဇသတ်ကြီး ပုဒ်မတွေ အများကြီးရှိတယ်။ ဒီပုဒ်မတွေနဲ့ ဒီလူတွေကို ကျွန်တော်တို့ အရေးယူလို့ ရတယ်။ ဒီမိုကရေစီနှင့်ပတ်သက်တဲ့ ဥပဒေမျိုးမှာ ကျွန်တော်တို့ ဒီမိုကရေစီဘောင်ကျဉ်းအောင် ကန့်သတ်တာမျိုးတွေ မလုပ်စေချင်ပါဘူး။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြောချင်တာက ဒီနေ့ဥပဒေဟာ ကျွန်တော်တို့ တကယ်ထိခိုက်တာက လုပ်ခလစာနှင့် ထမင်းမဝလို့ လစာတိုးတောင်းတဲ့ ဆန္ဒပြတဲ့ အလုပ်သမားတွေ၊ အလုပ်ထုတ်ခံရလို့ ဆန္ဒပြတဲ့ အလုပ်သမားတွေ၊ လယ်ယာမြေတွေ မတရားအသိမ်းခံရလို့ ဆန္ဒပြတဲ့ လယ်သမားတွေ အဲဒီလိုလူတွေကိုပဲ ထိခိုက်စေပါတယ်။ ဒီလူတွေက ဆန္ဒပြပွဲမှာ ဘာငွေကြေး၊ တစ်ပြားတစ်ချပ်မှ ပေးပြီးတော့ ဘယ်လိုအခွင့်အရေးမှ ပေးပြီးစည်းရုံးသိမ်းသွင်းနိုင်တဲ့ လူတွေမဟုတ်ပါဘူး။ ဒီလူတွေ အနေနဲ့ တကယ်လိုအပ်လို့၊ တကယ်နစ်နာနေလို့ ဆန္ဒပြခဲ့ကြတာပါ။ ကျွန်တော်တို့ကိုယ်တိုင်လည်း နှစ်ပေါင်းများစွာတုန်းက ဒီမိုကရေစီလိုလားလို့ ကျွန်တော်တို့ အသေခံ၊ အဖမ်းခံ၊ အငတ်ခံပြီး ဆန္ဒပြခဲ့ကြတယ်။ ကျွန်တော်တို့ ဘယ်သူမှ ဒီ ၈၈ အရေးတော်ပုံကြီးမှစပြီး ၈၈ ပြောရမယ်ဆိုရင် ကျွန်တော်တို့ ၆၂ တည်းက ကျွန်တော်တို့ ဆန္ဒပြခဲ့ကြတာ။ အဲဒီတော့ ဒီအာဏာရှင်စနစ်ကို ကျွန်တော်တို့ ဆန့်ကျင်ခဲ့ကြတာ။ အဲဒီတုန်းက ဘယ်ငွေကြေး၊ ဘယ်အခွင့်အရေးရလို့မှ ပြတာမဟုတ်ဘူး။ ကျွန်တော်တို့ ဒီ ရန်ကုန်မှာဆိုလို့ရှိရင် ဆူးလေဘုရားလမ်းမှာ၊ မဟာဗန္ဓုလပန်းခြံမှာ အများကြီး သေခဲ့ကြပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း အဲဒီမှာ ပါဝင်ခဲ့ကြတယ်။ ကျွန်တော်တို့လည်း ထိခိုက်ဒဏ်ရာရခဲ့တယ်။

အဲဒီတော့ အဲဒါတွေဟာ ဘယ်လိုငွေကြေးကြောင့်မှ ပြတာမဟုတ်ဘူး။ အဲဒီတော့ ကျွန်တော့် အနေနဲ့ စိုးရိမ်တာက ကျွန်တော်တို့ ဒီမိုကရေစီအစိုးရကို ကျွန်တော်တို့ လူထုက အမြင်မကြည်မလင် ဖြစ်မှာစိုးရိမ်တယ်။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီကို နောက်ကြောင်းပြန်အောင်လုပ်နေတဲ့ လူတွေကို ကျွန်တော်တို့က တားဆီးရင်းနဲ့ ကျွန်တော်တို့ကိုယ်တိုင်က ဒီမိုကရေစီ နောက်ကြောင်း ပြန်အောင် မလုပ်မိစေဖို့ အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တကယ်လုပ်ရမှာက ၂၀၀၈ ဖွဲ့စည်းပုံ

ပြင်ရေး။ ဒါ ကျွန်တော်တို့ ရွေးကောက်ပွဲ ကြွေးကြော်သံပဲ။ ရွေးကောက်ပွဲ ကတိပဲ။ အဲဒါကို ကျွန်တော်တို့ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိနဲ့ လုပ်ဖို့လိုတယ်။ အဲဒီလို လုပ်လို့ရှိရင် ကျွန်တော်တို့ ပြည်သူလူထုက နောက်ထပ်(၁၀)နှစ်၊ အနှစ်(၂၀) အင်တော်ခံရဲတယ်။ ကျွန်တော်တို့ ဒီမိုကရေစီရမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူတွေဟာ အနှစ်(၅၀)ကျော် ဒုက္ခခံလာခဲ့တာ။ အဲဒီတော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ အစိုးရ နှင့် တစ်သားတည်း ပြည်သူလူထုက ဆက်ပြီးရပ်တည်လိမ့်မယ်လို့ ကျွန်တော် လုံးဝ ယုံကြည်တယ်။

အဲဒါကြောင့်မို့လို့ ဒီ အရေးမကြီးတဲ့၊ အရေးမကြီးဘူးဆိုတာ သိပ်ပြီးမလိုအပ်တဲ့ဟာတွေ တခြားရာဇသတ်ကြီး ဥပဒေတွေလည်း ရှိရဲ့သားနဲ့ အရေးယူလို့ ရရဲ့သားနဲ့ မလိုအပ်တဲ့ ဥပဒေတွေကို လူထုအမြင်မကြည်ရင် ဒီမိုကရေစီရဲ့ ပုံရိပ်ထိခိုက်မှာကို အထိခိုက်ခံပြီး မလုပ်သင့်ဘူး။ ကျွန်တော်တို့ အနေနဲ့ လူထုနဲ့ တစ်သားတည်း ရပ်တည်ရင်းနဲ့ ဆက်ပြီးတော့ ကျွန်တော်တို့ ဒီမိုကရေစီအတွက် အရေးတကြီးလိုအပ်တဲ့ ဖွဲ့စည်းပုံပြင်ဆင်ရေးတွေ၊ ဒီမိုကရေစီတိုးချဲ့ရေးတွေ၊ ဒီမိုကရေစီ အခြေခံတွေကို အုတ်မြစ်ခိုင်မာအောင်လုပ်ရေးတွေကို ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောရင်းနဲ့ နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဗိုလ်မှူးအောင်ကိုမင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်သူ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အပြုသဘောဆောင် အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမြတ်ဉာဏစိုး အဆိုပြု တင်သွင်းလာတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းဟာဆိုရင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၅ ဖြင့် စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၎င်းမှ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ဖြင့် ပထမအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၎င်းမှ ဒုတိယအကြိမ်၊ ပြည်ထောင်စု လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးတွင် ပြင်ဆင်အတည်ပြုခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၃၈ ဖြင့် ဒုတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ကနဦး ၂၀၁၁ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေဟာ ကန့်သတ်မှုတွေ ရှိခဲ့ပါတယ်။ ဒါတွေကို ၂၀၁၄ ခုနှစ်၊ ဥပဒေမှာ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ကန့်သတ်မှု ဖြေလျှော့စေရေး ခွင့်ပြုမိန့်ဆိုရာကနေ ခွင့်ပြုချက်ဆိုပြီး ပြင်ဆင်ပေးခဲ့ ပါတယ်။ ၂၀၁၆ ခုနှစ်၊

ဥပဒေမှာကျတော့ ခွင့်ပြုချက်တင်စရာမလိုတော့ဘဲ အသိပေးတင်ပြချက်ကိုသာ (၄၈)နာရီ ကြိုတင်၍ စာဖြင့် ပေးပို့တင်ပြရမယ်ဆိုပြီး ထပ်မံဖြေလျှော့ခဲ့ပါတယ်။ ဒါကြောင့် Fundamental Right အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်နိုင်ရေး အခွင့်အရေးပေးခဲ့ခြင်း ဖြစ်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ မှာလည်း ဒီ အခွင့်အရေး တွေကို ပေးအပ်ထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြု ပြဋ္ဌာန်းချက် ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၃ တွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) ဟာဆိုရင် မူလဥပဒေမှာ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်မည့် အစီအစဉ်နှင့် ခန့်မှန်းလူဦးရေကိုသာ ဖော်ပြရန် ပြဋ္ဌာန်းထားပြီး ယခု ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဖော်ပြရန် ဖြည့်စွက်ထားသည်ကို တွေ့ရပါတယ်။ ဒီလိုဖြည့်စွက်ပြဋ္ဌာန်း ထားခြင်းသည် ဥပဒေကို လိုက်နာမည့် နိုင်ငံသားများအပေါ် မည်သို့မှ အကျိုးထူးရရှိမှု မရှိဘူးလို့ ထင်မြင်ယူဆရပါတယ်။ မည်သည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကပဲ ကုန်ကျခံသည်ဖြစ်စေ၊ အဓိကမှာ ပြည်သူ့ဆန္ဒထုတ်ဖော်လိုမှုအတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုမှု ကသာ အရေးပါ ပါတယ်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း Article 19 မှာ လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့် ရှိသည်ဟု လည်းကောင်း၊ Article 20 အပိုဒ်ခွဲ ၁ ၌ လူတိုင်းတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့ကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရှိသည်ဟု လည်းကောင်း ဖော်ပြ ပါရှိပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးကို ကန့်သတ်ချုပ်ချယ်တဲ့ ဥပဒေများ ပြဋ္ဌာန်းခြင်း မပြုသင့်ဘူး လို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် အကြံပြုတင်ပြလိုတာကတော့ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းခြင်း မပြုဘဲ မူလဥပဒေအတိုင်းသာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကုန်ကျခံမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဖော်ပြခိုင်းခြင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်မည့် ဥပဒေကြမ်းတွင် အသစ် ဖြည့်စွက်ပြဋ္ဌာန်းမည့် ပုဒ်မ ၁၈ ပါ အကြောင်းအရာများသည် ဆက်စပ်သုံးသပ်မည်ဆိုပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၅၄ အပိုဒ်ခွဲ (က)နှင့် (ခ)ပါ နိုင်ငံသားများ ရရှိထားတဲ့ လွတ်လပ်စွာ ဆန္ဒ ထုတ်ဖော်လိုသည့် အခွင့်အရေးများကို ကန့်သတ်လိုက်ခြင်းသာဖြစ်ကြောင်း ယူဆပါတယ်။ ပုဒ်မ ၃၅၄ (က)တွင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်ဟုလည်းကောင်း (ခ)တွင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့် စီတန်းလှည့်လည်ခွင့်ဟု လည်းကောင်း ဖော်ပြပြဋ္ဌာန်းထားပြီး အခွင့်အရေးတွေကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ပေးထားတာ တွေ့ရမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းတွင် အသစ်ဖြည့်စွက်ပြဋ္ဌာန်းမည့် ပုဒ်မ ၁၈ ၌ တင်ပြပါအတိုင်း မည်သူမဆို ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်(၃)နှစ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်လို့ ဖော်ပြ ထားတာ တွေ့ရပါတယ်။ အဆိုပြု ပြဋ္ဌာန်းချက် ပုဒ်မ ၁၈ အရ ပြစ်မှုကျူးလွန်ပါက ကုန်ကျခံမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုပါ အရေးယူမည့် အခြေအနေဖြစ်ပြီး လျင်မြန်စွာ တုံ့ပြန်အရေး ယူနိုင်ရန်အတွက် ကြိုတင်စီစဉ်ထားတဲ့သဘော သက်ရောက်နေပါတယ်။ တစ်နည်းအားဖြင့် ရိုးသားစွာ

ကုန်ကျခံမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား အကုန်အကျမခံရဲအောင် ကြိုတင်ခြိမ်းခြောက်ဟန့်တား လိုသည့်သဘော သက်ရောက်နေပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်လိုက်ခြင်း ဖြစ်တဲ့အတွက် ဒီမိုကရေစီ စံနှုန်းများနှင့်လည်း ကိုက်ညီမှု မရှိဘူးလို့ ထင်မြင်ယူဆပါတယ်။ ဒီမိုကရေစီကို တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်နေသော အချိန်ကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ကာကွယ်တဲ့၊ အားပေးတဲ့ ဥပဒေတွေကိုပဲ ပြဋ္ဌာန်းစေလိုပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်တဲ့ ဥပဒေများ ပြဋ္ဌာန်းရန် မသင့်ပါဘူး။ သို့ပါ၍ တင်ပြပါ ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းဆိုတဲ့ စကားရပ် အစားထိုး ပြင်ဆင်ပြဋ္ဌာန်းခြင်း မပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ပြင်ဆင်မည့် ဥပဒေကြမ်းအပိုဒ် ၆ ပြန်လည်အမှတ်စဉ် ထားသည့် ပုဒ်မ ၂၃ တွင် ပုဒ်မ ၁၉၊ ၂၀ ၊ ၂၁ နှင့် ၂၂ တို့ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်ဟု ဖော်ပြထားရာ အသစ်ဖြည့်စွက်ပြဋ္ဌာန်းမည့် ပုဒ်မ ၁၈ မှာ အမှတ်တမဲ့ ကြည့်ပါက ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုဟု ထင်မှတ်မှားနိုင်ပါတယ်။ အသစ်ဖြည့်စွက်ပြဋ္ဌာန်းမည့် ပုဒ်မ ၁၈ မှာ ထောင်(၃)နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်ဖြစ်ရာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(စ) ဇယား(၂) အခြားဥပဒေများ ပြဋ္ဌာန်းချက်အရ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုသာ ဖြစ်ပါတယ်။ သို့ပါ၍ ယခုပြင်ဆင်အစားထိုးမည့် ပုဒ်မ ၂၃ ကို ပြင်ဆင်အစားထိုးခြင်းမပြုဘဲ မူလဥပဒေ ပုဒ်မ ၂၂ ပါ ဤဥပဒေအရ အရေးယူသော ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်ဆိုတဲ့ မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတင်လင်းဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဒုတိယဗိုလ်မှူးကြီးတင်လင်းဦး(တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်လင်းဦး ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြ ခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာ ဥပဒေ ၂၀၁၆ ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ အခန်း(၇) ပြစ်မှုပြစ်ဒဏ်များ ခေါင်းစဉ်အောက် မှာ ပုဒ်မ ၁၈ အဖြစ် အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင် ့ဖြစ်စေ၊ ထိုသို့ ပျက်ပြားတန်ရာသော အခြေအနေဖြစ်နိုင်ကြောင်း သိလျက်နဲ့ဖြစ်စေ ငွေ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း၊ အခြားနည်းလမ်း တစ်ခုခုကိုသော်လည်းကောင်း သုံးစွဲ၍

လူတစ်ဦးဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်းခြင်းကိုပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ် ဆိုတဲ့ အသစ်ဖြည့်စွက်ချက်နဲ့ စပ်လျဉ်း၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆ ဖြင့် ပထမအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ထို့နောက် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈ ဖြင့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို အဆိုပါ ဥပဒေဖြင့် ရုပ်သိမ်းခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်ဥပဒေမှာ (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ပြဋ္ဌာန်းခဲ့ပါတယ်။

ထို့အပြင် ၂၀၁၄ ခုနှစ် ဥပဒေနဲ့ ၂၀၁၆ ခုနှစ် ဥပဒေတို့မှာ (၁)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁)သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ စသည်ဖြင့် တည်ဆဲပုဒ်မ ၁၉ ၊ ၂၀ တို့မှာလည်း ထောင်ဒဏ်နဲ့ ငွေဒဏ်တို့ ထက်ဝက်စီ လျှော့နည်းပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။ ယခု အသစ်ဖြည့်စွက်ထားတဲ့ ဥပဒေကြမ်းမှာ (၃)နှစ်ထက်မပိုသော ထောင်ဒဏ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်လို့ ပြင်ဆင်ပြဋ္ဌာန်း ပါရှိပါတယ်။၂၀၁၆ ခုနှစ် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေရဲ့ ရည်ရွယ်ချက်(၃)ရပ်အနက် ပုဒ်မ ၃ (ခ)မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဖြစ်တဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ ကာကွယ်ပေးရန်လို့ ပြဋ္ဌာန်းထားပါတယ်။

ယခုအခါမှာ ပုဒ်မ ၁၈ ကို အသစ်ဖြည့်စွက် ပြဋ္ဌာန်းမည်ဆိုပါက အထက်ပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဖြစ်တဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ရည်ရွယ်ချက်တွေကို ထိခိုက်ပြီး နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို ကန့်သတ်လိုက်တဲ့သဘော သက်ရောက်တယ်လို့ ယူဆပါတယ်။ ထို့အပြင် မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေဆိုရာဌ ဥပဒေကို လက်တွေ့ကျင့်သုံးတဲ့အခါမှာ အဆိုပါ အကြံရှိခြင်း၊ မရှိခြင်းကိစ္စမှာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းရဲ့ အဆုံးအဖြတ်ပေါ်မူတည်၍ မဖြစ်မနေ အငြင်းပွားလာနိုင် ဖွယ်ရာ ရှိပါတယ်။ ဆိုလိုတာက အကယ်၍ တာဝန်ရှိသူများက လိုလားသော လုပ်ရပ်ဖြစ်ပါက အကြံမရှိဟု သုံးသပ်နိုင်ပြီး တာဝန်ရှိသူများအတွက် မလိုလားသော လုပ်ရပ်ဖြစ်ပါက အကြံရှိသည်ဟု သုံးသပ်နိုင်တဲ့သဘောကို ဆိုလိုခြင်းပဲ ဖြစ်ပါတယ်။

မူလမှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုသော်လည်း နောက်ပိုင်းမှာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူ

တို့ရဲ့ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် တမင် ဆောင်ရွက်လာခြင်းဖြစ်ပါက ထိုသို့ ဆောင်ရွက်သူများကို မူလက အကြံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တည်ဆဲဥပဒေအရ အရေးယူနိုင်မည်သာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၆ ခုနှစ် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များဖြင့် လုံလောက်ပါတယ်။ ပုဒ်မ ၁၈ ကို မပြဋ္ဌာန်းသင့်ပါဘူး။ ရုတ်ရုတ်သဲသဲဖြစ်လာရင် စည်းကမ်းနဲ့ မညီရင် လိုက်ပါစောင့်ရှောက်တဲ့ မြန်မာနိုင်ငံရဲ့က သတိပေး ထားတဲ့ ပြဋ္ဌာန်းချက်ပါရှိပြီး ဖြစ်ပါတယ်။ မလိုက်နာရင်၊ ပြဿနာဖြစ်ခဲ့ရင် တည်ဆဲဥပဒေများနဲ့အညီ အရေးယူသွားနိုင်ပါတယ်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့ရဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို အဆင့်ဆင့် ပြင်ဆင်ခဲ့တဲ့အခါမှာ ပြစ်ဒဏ်တွေကို မူလ ပြဋ္ဌာန်းချက်ထက် လျှော့ပေါ့ပေးခဲ့တာ တွေ့ရှိရပါတယ်။

ဒါက နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးကို ဒီမိုကရေစီ စံနှုန်းအရ အလေးထားပြီးတော့ ပြင်ဆင်ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ယခု ပုဒ်မ ၁၈ ကို ဖြည့်စွက်ပြဋ္ဌာန်းခြင်းကတော့ ယခင်က ပေးခဲ့တဲ့ နိုင်ငံသားတို့ရဲ့ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ကန့်သတ်လိုက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၁ ခုနှစ် ဥပဒေနဲ့ ကန့်သတ်ခဲ့တဲ့ ပြဋ္ဌာန်းချက်တွေကို ၂၀၁၄ ခုနှစ် ပြင်ဆင်ချက်ဖြင့်လည်းကောင်း ထို့နောက် ၂၀၁၁ ခုနှစ် ဥပဒေကို ရုပ်သိမ်းပြီး ၂၀၁၆ ခုနှစ် ဥပဒေအသစ် ရေးဆွဲ၍လည်းကောင်း ဖြေလျှော့ပေးခဲ့သော်လည်း ယခု ၂၀၁၆ ခုနှစ် ဥပဒေ ပြင်ဆင်ချက်မှာပါရှိတဲ့ ပုဒ်မ ၁၈ ကို ထပ်မံ ဖြည့်စွက်ပြဋ္ဌာန်းလိုက်ခြင်းဟာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို လိုအပ်တဲ့အချိန် လိုအပ်သလို ပေးပြီး မလိုအပ်တဲ့အချိန်မှာ မလိုအပ်သလို ကန့်သတ်မယ်လို့ ဆောင်ရွက်တဲ့သဘော သက်ရောက် နေတယ်လို့ တွေ့ရှိရပါတယ်။

ဒါကြောင့် မည်သို့ပင် ပြင်ဆင်သည်ဖြစ်စေ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို အပြည့် အဝ အကာအကွယ်ပေးသော ဥပဒေပြဋ္ဌာန်းချက်သာ ဖြစ်သင့်ကြောင်း ယူဆပါတယ်။ ဒါ့အပြင် အခြား နည်းလမ်းဆိုရာမှာ ဟောပြောခြင်း၊ လက်ကမ်းစာစောင်ဝေခြင်း၊ အင်္ကျီမှာ တံဆိပ်ရိုက်ပြီး ဝတ်ဆင် စေခြင်း၊ Social Media Network အသုံးပြုပြောဆိုခြင်းများ စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်ကြောင်း တွေ့ရှိရတဲ့အတွက် ထိုသို့ဖော်ပြရန် မသင့်ပါကြောင်း၊ ထိုသို့ ဖော်ပြ ပြဋ္ဌာန်း လိုက်ပါက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ လက်ကမ်းစာစောင်ဝေခြင်း၊ အင်္ကျီမှာ တံဆိပ်ရိုက်ပြီး ဝတ်ဆင်စေခြင်း၊ Social Media Network အသုံးပြုပြောဆိုခြင်းများ လုပ်မိ သည်နဲ့ အဖွဲ့အသီးသီးအတွက် ကြီးစွာသော အဟန့်အတား ဖြစ်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရတဲ့ အတွက် အခြားနည်းလမ်းဟူသော အသုံးအနှုန်းကို မသုံးနှုန်းသင့်ကြောင်း တင်ပြအပ်ပါတယ်။ မိမိတို့ရဲ့ ဆန္ဒကို ထုတ်ဖော်ရန်အတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်တဲ့အခါမှာ ဦးဆောင်သူများ ရှိကြမည်သာ ဖြစ်ပါတယ်။ ထိုသူတွေက ထိုသို့ ဖြစ်လာအောင် လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်းနဲ့ ထိုက်သင့်လျောက်ပတ်တဲ့ ထောက်ပံ့ခြင်းများလည်း ပြုလုပ်ကြ မည်သာဖြစ်ပါတယ်။ မိမိသဘောဖြင့် အိမ်တွင်းမှနေ အိမ်ပြင်ထွက်ပြီး စီတန်းလမ်းလျှောက် ဆန္ဒပြမှုမှာ လွန်စွာနည်းပါး ပါလိမ့်မယ်။ လှုံ့ဆော်သူ၊ တိုက်တွန်းသူများရှိမှသာ မိမိတို့ရဲ့ဆန္ဒများ တူရာ တူချင်း၊ စုပေါင်းဆန္ဒ ထုတ်ဖော်ရန်အလို့ငှာ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းများ ပြုလုပ်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ငြိမ်းချမ်းစွာ လှုံ့ဆော်သူများကို မည်သူမဆို နိုင်ငံတော်လုံခြုံရေး ၊တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် အားပေးကူညီသူများ ဖြားယောင်းသူများအဖြစ် သတ်မှတ်အရေးယူရေးပြဋ္ဌာန်းချက်ဟာ တရားမျှတမှု မရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အရ ပေးထားတဲ့ နိုင်ငံသား တို့ရဲ့ မူလအခွင့်အရေးကို လုံးဝထိခိုက်စေပြီးတော့ ဥပဒေအား ပြင်ဆင်မှုများသည်လည်း ဒီမိုကရေစီ စံနှုန်းအရ ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါတယ်။ လှုံ့ဆော်သူ၊ တိုက်တွန်းသူများ မလုပ်ရဲ၊ မပြောရဲအောင် ကန့်သတ်သတိပေးလိုက်တဲ့ ဥပဒေ ပြဋ္ဌာန်းချက်ဖြစ်နေတယ်လို့ ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းဟာ ပြည်သူတွေရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေကို မတင်ပြရဲအောင် အကြောက်တရား ကိန်းအောင်းသွားစေရေး ကြိုတင် ကန့်သတ်သလို ဖြစ်နေပါတယ်။ ငြိမ်းချမ်းစွာ စုဝေးခြင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတွေ မလုပ်ရဲ၊ မပြောရဲအောင် သတိပေးလိုက်တဲ့ ကန့်သတ်ချက်လည်း ဖြစ်နေပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာ ဒီမိုကရေစီစံနှုန်းတွေကို အပြည့်အဝ ရရှိခံစားရအောင် ဆောင်ရွက်နေတဲ့ အချိန်ကာလဖြစ်လို့ ပြည်သူ တွေရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေကို အကန့်အသတ်လုပ်တာဟာ မည်သည့်နည်းနဲ့မှ မဖြစ်သင့်ပါဘူး။ သို့ဖြစ်ပါ၍ ပြစ်မှု ပြစ်ဒဏ် အခန်း (၇) အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၈ ကို ပြဋ္ဌာန်းရန် မသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က ဦးစိုးသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာ အသုံး အနှုန်းများ သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ငြိမ်းစုစီဥပဒေ ပြင်ဆင်ချက်အပေါ် စဉ်းစား သင့်တဲ့အချက်တွေကို အကြံပြု ကန့်ကွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ် နောက်ကြောင်း မပြန်စေရေးနဲ့ အဓွန့်ရှည်ရေးမှာ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်ကြီးများမှာ ဥပဒေပြုစုရေးအပိုင်း၌ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေရဲ့ ဖွားဖက်တော်တွေဖြစ်တဲ့ နိုင်ငံရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားဖော်ပြခွင့်၊ လွတ်လပ်စွာ သတင်းရယူခွင့်၊ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်များ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ပြဋ္ဌာန်းမယ့် ပြင်ဆင်ချက်က အဆိုပါစံနှုန်းများကို ထိန်းချုပ်ရာ ကျလွန်းနေပါတယ်။ ဒီမိုကရေစီစနစ်မှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားရေးမဏ္ဍိုင်အားလုံးဟာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိဖို့ အဓိက ကျပါတယ်။ ထို့အတူ ပြည်သူလူထုက အာဏာအပ်နှင်းထားသဖြင့် by the people for the people ဖြစ်ပါတယ်။ ပြည်သူရဲ့ ဝေဖန်ပြောဆိုမှု၊ ဆန္ဒထုတ်ဖော်မှုများကို နားပင်ခါးသော်ငြားလည်း

နားထောင်ပေးရန် လိုပါတယ်။ နားဝင်ချိုတာချည်း နားထောင်၍ မဖြစ်နိုင်ပါဘူး။ အမြင်ကွဲပြားမှု Differences ဆိုတာတော့ အမြဲရှိနေမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်ဟာ လွတ်လပ်မှုအားလုံးရဲ့ အခြေခံအကျဆုံး လွတ်လပ်မှု Fundamental Freedom ဖြစ်ပါတယ်။ ယခင် အတိုက်အခံ ခေါင်းဆောင်ကလည်း မိမိ မကြိုက်သည့်အကြောင်းကို အဆိုပါ လူပုဂ္ဂိုလ်ရှေ့မှောက်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ကို ဒီမိုကရေစီလို့ ပြောကြားခဲ့တယ်လို့ အများ အသိပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိဆွေးနွေးနေတဲ့ ဥပဒေကြမ်းအရ ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ လူတစ်ဦးအား နိုင်ငံတော်လုံခြုံရေး သို့မဟုတ် တရားဥပဒေစိုးမိုးရေး သို့မဟုတ် ရပ်ရွာအေးချမ်း သာယာရေး သို့မဟုတ် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအရ စသည့် အချက်(၄)ချက်ကို အကြောင်းပြပြီး ထောင်ဒဏ်(၃)နှစ် ချနိုင်သည့် ဥပဒေဖြစ်နေပါတယ်။ အဆိုပါ အချက်(၄)ချက်မှာ တိကျသည့် အနက် ဖွင့်ဆိုရန် ခက်ခဲသည့် အကြောင်းအရာများ ဖြစ်တဲ့အတွက်ကြောင့် အုပ်ချုပ်ရေးအာဏာ ရယူထားသူ များက အဓိပ္ပာယ်အနက်ဖွင့်ဆိုခြင်း မပြုသော်လည်း ပြည်သူကို နှိပ်ကွပ်နိုင်သည့် အကြောင်းပြချက် ဖြစ်လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်မှာ ရည်ရွယ်ချက်(Intent)နဲ့ သက်ဆိုင်တဲ့အချက် ဖြစ်ပါတယ်။ အထက်ဖော်ပြပါ အချက်(၄)ချက် ပျက်ပြားစေလိုသည့် အကြံအစည် သို့မဟုတ် ရည်ရွယ်ချက်ကို လက်ရှိ မိမိတို့ကျင့်သုံးနေသည့် ဥပဒေသဘာဝအရ ယုံမှားသံသယ ကင်းစင်သည်အထိ သက်သေပြခြင်း (Beyond reasonable doubt)ပြုနိုင်ရန် အလွန်ခက်ခဲလှပါတယ်။ ဤဥပဒေမှာ အလွန်ကြောက်မက်ဖွယ်ကောင်းသည့် စကားရပ်တစ်ခုမှာ ထိုသို့ပျက်ပြားရသော အခြေအနေ ဖြစ်နိုင် ကြောင်း သိလျက်နှင့် ဆိုသည့်အချက် ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ စီတန်းဆန္ဒပြလာသည့် လူပုဂ္ဂိုလ် တစ်ဦး သို့မဟုတ် အစုအဖွဲ့၏ ပကတိဦးတည်ချက်ကို သာမန်လူသားအနေဖြင့် သိရှိရန် မဖြစ်နိုင်ပါ။ မြတ်စွာဘုရားကသာ သိရှိနိုင်ပါလိမ့်မယ်။ ဤကဲ့သို့ မဖြစ်နိုင်တဲ့ လူ့စိတ်ကို သိပါသည်ဟု စွပ်စွဲ အရေးယူလိုသည့် ဥပဒေသည် လူသားသဘာဝနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် ဥပဒေ ဖြစ်နေပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ ဖြစ်သည့်နည်းတူ Universal Human Rights ကို လေးစားလိုက်နာကျင့်သုံးရန် (moral duty)ရှိတဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကြီးဖြစ်တယ်လို့ ခံယူပါတယ်။ ဒါကြောင့် Universal Declaration of Human Rights Article 19 ကို လေးစားလိုက်နာရန် တာဝန်ရှိပါတယ်။ နိုင်ငံပေါင်း (၂၀၀)ခန့်က လေးစားလိုက်နာတန်ဖိုးထားတဲ့ Universal Declaration of Human Rights Article 19 ကို ဆန့်ကျင်သည့် ဥပဒေပြုခြင်းဟာ နိုင်ငံတကာ အသိုက်အဝန်းနဲ့ ဖီလာဆန့်ကျင် နေကြောင်း သက်သေထူရာ ရောက်နေရာလည်း ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အခွင့်အရေးတစ်ရပ်ကို လွဲမှားစွာ အသုံးပြုခြင်းသည် အခြားအခွင့်အရေးကို ဆုံးရှုံးစေတတ်သည်ကို သတိပြုရန် အထူးလိုအပ်လှပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူများရဲ့ဆန္ဒကို နားထောင်ပေးရန် လိုအပ်ပါတယ်။ ယနေ့ ကြုံတွေ့နေရတဲ့ သက်ငယ်မုဒိမ်းမှု ဆန္ဒထုတ်ဖော်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ဆန္ဒထုတ်ဖော်ခြင်း၊ မြေယာသိမ်းဆည်းမှု

ဆန္ဒထုတ်ဖော်ခြင်း၊ ပညာရေးဆိုင်ရာ ဆန္ဒထုတ်ဖော်ခြင်း၊ ဒေသန္တရ မကျေနပ်မှုများအပေါ် ဆန္ဒထုတ်ဖော်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်း၊ ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းစသည်တို့ကို လွတ်လပ်လွယ်ကူစွာ ဆန္ဒဖော်ခွင့် ပြုပေးသင့်ပါတယ်။ Peaceful demonstration နဲ့ Riot ဟာ မတူကြပါဘူး။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ဤဥပဒေကြမ်း ဖြည့်စွက်ချက်ကို ကန့်ကွက်ပါကြောင်းနဲ့ လက်ရှိ လွှတ်တော်က အတည်ပြုထားတဲ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့က အတည်ပြုထားတဲ့ ဥပဒေသည်သာ ဒီမိုကရေစီစံနှုန်းနဲ့ အနီးစပ်ဆုံး ကိုက်ညီမှုရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ အခုဆွေးနွေးမယ့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ဒေါက်တာမြတ်ဉာဏစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ဖြစ်တဲ့ ၁၉-၂-၂၀၁၈ တနင်္လာနေ့ ကျင်းပစဥ်မှာ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်ဖြစ်တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် က ထောက်ခံခဲ့လို့ အမျိုးသားလွှတ်တော်က ဥပဒေကြမ်းကော်မတီမှ စိစစ်တင်ပြရန် တာဝန်ပေးအပ်ခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၀-၂-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့တယ်လို့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအရ မှတ်သားရပါတယ်။ ၂၀-၂-၂၀၁၈ ရက်နေ့မှာပဲ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ ထွက်ရှိခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အရေအတွက်အားဖြင့် မများပေမယ့် အုပ်ချုပ်သူတွေအပေါ် မကျေနပ်လို့ ပြည်သူ ပြည်သားများရဲ့ ဆန္ဒပြမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။ အာဏာနဲ့ အုပ်ချုပ်သူများက ဆူပူဆန္ဒပြတယ်လို့ ကင်ပွန်းတပ်ပြီး အပြတ်အသတ် နှိမ်နင်းခဲ့တာ ခံခဲ့ရပါတယ်။ နိုင်ငံနှင့်အဝန်းမှာ ဒီမိုကရေစီ

အရေး၊ လူ့အခွင့်အရေးအတွက် အသက်သွေးချွေးတွေ အများကြီး မတရားအရေးယူခံ စတေးခံခဲ့ရလို့ ဒီကနေ့ မြင်တွေ့နေရတဲ့ နိုင်ငံရေး အခင်းအကျင်း ပေါ်ပေါက်လာခဲ့ရတာပါ။ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ စံချိန်စံညွှန်း အပြည့်အဝ မပါရှိသေးတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ၂-၁၂-၂၀၁၁ ရက်နေ့က ပြဋ္ဌာန်းခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဒီမိုကရေစီစနစ်ကို သွားနေတယ်ဆိုတာ ပြသချင်လို့ ဒီဥပဒေကို ပြဋ္ဌာန်းပေမယ့် အာဏာအငွေ့အသက်တွေ ပါနေခဲ့ပါတယ်။ ဒါနဲ့ပဲ ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ နဲ့ ပြင်ဆင်တဲ့ဥပဒေ ပေါ်ထွက်ခဲ့ပါတယ်။ ခွင့်ပြုမိန့်ဆိုတာကို ခွင့်ပြုချက်လို့ ပြောင်းလိုက်တာ၊ ငြင်းပယ်ခြင်းဆိုတဲ့ စကားရပ်ကို ပယ်ဖျက်လိုက်တာမျိုးလောက်နဲ့ ပြင်ခဲ့တာ ဖြစ်ပါတယ်။ ဒါတွေဟာ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလက ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အခု ဒုတိယ အကြိမ် လွှတ်တော်သက်တမ်းဖြစ်တဲ့ ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၈ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို အခန်း(၈)ခန်း၊ ပုဒ်မ (၂၄)ခုနဲ့ အသစ်ပြဋ္ဌာန်းခဲ့တာဖြစ်ပြီး ယခင်ဥပဒေကို ရုပ်သိမ်းခဲ့တာလည်း ဖြစ်ပါတယ်။ ဥပဒေရဲ့ အခန်း (၂) ပုဒ်မ ၃ မှာပါတဲ့ ရည်ရွယ်ချက် (၃)ချက်ဖြစ်တဲ့ အပိုဒ်ခွဲ(က)မှာ ပြည်သူတို့၏ ကိုယ်ကျင့်တရား၊ အကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်လို့ ပါရှိပါတယ်။ ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ ဥပဒေကြမ်း ကော်မတီကလည်း ဒီအချက်ကို အဓိကထားပြီး ပြင်ဆင်လေ့လာပြီး သဘောထားမှတ်ချက် ပေးထား တာကို တွေ့ရပါတယ်။ ကိုယ်ကျင့်တရား၊ အကျိုးဆိုတာကို ပြန်ကြည့်ဖို့လိုပါတယ်။ မြန်မာအဘိဓာန် မှာတော့ ကိုယ်ကျင့်တရားဆိုတာ ကိုယ်၊ နှုတ်၊ နှလုံး၊ စောင့်စည်းမှု၊ အကျင့်သိက္ခာ၊ အကျိုးဆိုတာက အကြောင်းကြောင့် ဖြစ်ပေါ်သောအရာ ကောင်းကျိုးလို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ အဲဒီတော့ ပြည်သူ တို့၏ ကိုယ်ကျင့်တရား၊ အကျိုးဆိုတာ ပြည်သူတို့၏ ကိုယ်၊ နှုတ်၊ နှလုံးစောင့်စည်းမှု၊ အကျင့်သိက္ခာ ကောင်းကျိုးလို့ အဓိပ္ပာယ်ရပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ က နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေး များကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဆိုပြီး အပိုဒ်ခွဲ(၄)ခုနဲ့ ပြဋ္ဌာန်းထားတာပါ။ ဒီတော့ ပြည်သူတို့၏ ကိုယ်၊ နှုတ်၊ နှလုံး စောင့်စည်းမှု အကျင့်သိက္ခာ ကောင်းကျိုးငှာ ဆိုတာနဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် ဆက်နွှယ်ပတ်သက်မှု မရှိတာကို တွေ့ရပါတယ်။ မူလဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက် အဓိပ္ပာယ်ကိုက မရှင်းလင်းတာပါ။ ဒီလို ရှင်းလင်းမှုမရှိတဲ့ ပြဋ္ဌာန်းချက်အပေါ်မှာ အခုလိုထပ်ပြီး လိုသလိုတွေး လိုက်လံပြင်ဆင်ပေးနေဖို့ မသင့်တော်ဘူးလို့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်က ဖြည့်စွက်ချင်တယ်ဆိုတဲ့ ပုဒ်မ ၁၈ နဲ့ပတ်သက်ပြီး တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း ငြိမ်းချမ်းစွာ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်း ပြုတဲ့သူတွေကို ပုဒ်မ ၁၀ ပုဒ်မခွဲ (ဈ)တို့လို သတ်မှတ်ထားတဲ့ စည်းကမ်းချက်များ ဖောက်ဖျက်လို့ အရေးယူဆောင်ရွက်တဲ့ ပြစ်မှု နဲ့ ပြစ်ဒဏ်များမှာ အမြင့်ဆုံးနဲ့အများဆုံး ထောင်ဒဏ်တစ်နှစ်နဲ့ ငွေဒဏ် ကျပ်တစ်သိန်းပဲ ရှိပါတယ်။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း စုဝေး၊ စီတန်းလှည့်လည်ခြင်း ပြုတဲ့သူတွေကို လှုံ့ဆော်၊ သွေးဆောင်၊

ဖြားယောင်း၊ တိုက်တွန်းသူတွေကို (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမယ့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်လို့ အတိုင်းအဆပမာဏကို လိုသလိုချမှတ်နိုင်တဲ့ ပြဋ္ဌာန်းချက်မျိုးလည်း မဖြည့်စွက်သင့်ဘူးလို့ ဆွေးနွေးလိုပါတယ်။ နိဂုံးချုပ်အားဖြင့် ယခုအဆိုပြုတင်သွင်းလာတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်မပြုသင့်ကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ နေ့လယ်စာ သုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို (၂)နာရီခန့် ခေတ္တရပ်နားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို မတ်လ (၅)ရက်နေ့က ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးနဲ့ ယနေ့ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈)ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးတို့အနေနဲ့ ဥပဒေကြမ်းကော်မတီနဲ့ ကြားနာနိုင်ရေးအတွက် အစည်းအဝေးရပ်နားချိန်မှာ I-16 သို့ သွားရောက်ပေးနိုင်ရန်အတွက် တင်ပြအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၂ နာရီအချိန်တွင်ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၄။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်သွင်းသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်**
**ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊၁/ အမ (ကော်မတီ-၁)၁/၂၀၁၈ - ၁၆၂
ရက်စွဲ၊ ၂၀၁၈ ခုနှစ် ၊ မတ်လ ၇ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ **ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်** ဥပဒေကြမ်းကို ၂၃-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ အစီရင်ခံစာတင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးတို့က ၅-၃-၂၀၁၈ ရက်နေ့နှင့် ၇-၃-၂၀၁၈ ရက်နေ့တွေမှာ အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၇-၃-၂၀၁၈ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အဲဒီဥပဒေကြမ်းအပေါ် ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးရှိသည့်အနက် ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)၊ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)နှင့် ဦးတင်အောင်ထွန်း၊ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)တို့က ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်ကြောင်း ဆွေးနွေးခဲ့ကြပြီး ကျန်လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။

၃။ ဥပဒေကြမ်းကော်မတီအနေဖြင့် ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန် သင့် မသင့် လေ့လာစိစစ် ခဲ့တဲ့နေရာမှာ ယခုပြင်ဆင်တဲ့ ဥပဒေကြမ်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေရန် အခြေခံ၍ ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံ တစ်ရာကိုသော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုကိုသော်လည်းကောင်း အသုံးပြု၍ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားတို့ကို ပျက်ပြားစေရန် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်းခြင်း စတဲ့ နှောင့်ယှက်ဖျက်ဆီးမည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို အရေးယူဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ ရှိရသည့်အတွက် ဥပဒေကြမ်းကော်မတီဝင်အများစုက အမျိုးသားလွှတ်တော်မှ အတည်ပြု ဆောင်ရွက် သင့်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့ကြပါသည်။ သို့သော် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီဝင် ဦးကျော်ကျော်၊ ဒေါ်နန်းနီနီအေးနှင့် ဗိုလ်မှူးချုပ်တင့်လွင် တို့က ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ကြောင်း တင်ပြခဲ့ပါသည်။

၄။ ဥပဒေကြမ်းကော်မတီနှင့် အကြံပြုဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်း ခဲ့တဲ့နေရာမှာ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဦးကျော်ကျော်ဝင်း၊ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)တို့နှင့် ဥပဒေကြမ်း ကော်မတီဝင် ဦးကျော်ကျော်၊ ဒေါ်နန်းနီနီအေးနှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့က ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်ကြောင်း ဆက်လက်တင်ပြခဲ့ကြပြီး ကျန်ဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီဝင်များက ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့ကြပါသည်။

၅။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ ဦးကျော်ကျော်ဝင်း၊ ဦးစိုးသိန်း နှင့် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်၊ ဒေါ်နန်းနီနီအေး နှင့် ဗိုလ်မှူးချုပ်တင့်လွင် တို့၏ တင်ပြချက်တွေအပေါ်မှာ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သင့်ကြောင်း ဥပဒေကြမ်း ကော်မတီမှ သဘောထားရရှိခဲ့ပါသည်။

၆။ အကြံပြုဆွေးနွေးခဲ့ကြတဲ့ ဗိုလ်မှူးအောင်ကိုမင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မှ မူလဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ) ပြင်ဆင်ဖြည့်စွက်ချက်ကို ပယ်ဖျက်သင့်ကြောင်းနှင့် ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)နှင့် ဒုတိယဗိုလ်မှူးကြီးတင်လင်းဦး၊ တပ်မတော်သားလွှတ်တော်

ကိုယ်စားလှယ်တို့မှ မူလဥပဒေအခန်း(၇)ပြစ်မှုနှင့် ပြစ်ဒဏ်များခေါင်းစဉ်၏အောက်မှာ ပုဒ်မ ၁၈ အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ဥပဒေကြမ်းကော်မတီမှ အဆိုပါဆွေးနွေးချက်တွေကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ကြောင်း သဘောထား ရရှိခဲ့ပါသည်။

၇။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့** ဥပဒေကြမ်းကို ထပ်မံ၍ လေ့လာစိစစ်ရာ အောက်ပါအချက်တို့ကို ထပ်မံပြီး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) အဆိုပြုပြဋ္ဌာန်းတဲ့ ဥပဒေကြမ်း အပိုဒ် ၃၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုလုပ်မည့် အစီအစဉ်၊ ခန့်မှန်းလူဦးရေ၊ ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းရှိပါက ယင်းတို့၏ အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ခ) အဆိုပြုပြဋ္ဌာန်းသည့် ဥပဒေကြမ်း အပိုဒ် ၄၊ ပုဒ်မ ၁၈ မှာ ဖော်ပြထားသော စကားရပ်များအစား မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားတို့ကို ပျက်ပြားစေရန် ဖြစ်စေ၊ ထိုသို့ ပျက်ပြားတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကို သော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုကိုသော်လည်းကောင်း အသုံးပြု၍ သူတစ်ဦးဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်းခြင်းကို ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေပုဒ်မ ၁၉ ကို ပုဒ်မ ၂၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းမှာ ဖော်ပြထားသော သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းပြုကြောင်း ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်း မရှိလျှင်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောဖြင့် အချက်အလက်များကို တမင်မမှန်မကန်ဖော်ပြ၍ဖြစ်စေ စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းပြုကြောင်း ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) အဆိုပြုပြဋ္ဌာန်းသည့် ဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းမှာပါရှိတဲ့ စကားရပ်များအစား ပြန်လည်အမှတ်စဉ်ထားသည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅ ပါ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၉ နှင့် ၂၀ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း

နှင့် အပိုဒ် ၆ ခြေဆင်း၊ အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို မလိုအပ်တဲ့အတွက် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၈။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ ဦးကျော်ကျော်ဝင်း၊ ဦးစိုးသိန်းနှင့် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်၊ ဒေါ်နန်းနီနီအေးနှင့် ဗိုလ်မှူးချုပ်တင့်လွင် တို့၏ ဤဥပဒေကြမ်းကို ပြင်ဆင်ရန်မသင့်ကြောင်း တင်ပြချက်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း၊ ဦးစိုင်းသန်းနိုင်၊ ဒုတိယဗိုလ်မှူးကြီးတင်လင်းဦး တို့ရဲ့ တင်ပြချက်များကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်းနှင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြထားတဲ့ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၃)ဦး ဆွေးနွေးခဲ့ရာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်၊ ဒေါ်နန်းနီနီအေး နှင့် ဗိုလ်မှူးချုပ်တင့်လွင် တို့က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန် မသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်ဟု ဥပဒေကြမ်းကော်မတီက တင်ပြသွားပါတယ်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ပထမဦးစွာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ရန် သင့်၊ မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကို ပြဋ္ဌာန်းရန်သင့်ကြောင်း သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် ခလုတ်ကိုနှိပ်ပြီး ထောက်ခံမဲပေးရန်နှင့် ပြဋ္ဌာန်းရန် မသင့်ကြောင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် ခလုတ်ကိုနှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကို ပြဋ္ဌာန်းသင့်သည်ဆိုသည့် အချက်ကိုမူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက်ရယူမှာဖြစ်ပြီး ကန့်ကွက်မဲများပါက ဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၁၃)မဲ၊ ကန့်ကွက်မဲ(၇၈)မဲ၊ ကြားနေမဲ မရှိဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ဆက်လက်ရယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြဋ္ဌာန်းရန် ဆန္ဒပြုသည့် ထောက်ခံမဲများတဲ့အတွက် လွှတ်တော်မှာ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးကတော့ ဥပဒေကြမ်းရဲ့ ပြင်ဆင်တဲ့ အပိုဒ် ၃ ဖြစ်ပါတယ်။

မူလဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) ပြင်ဆင်ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုပေးဖို့ ဖြစ်ပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း က ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို ဖြည့်စွက်ရန် မသင့်ကြောင်း ဆွေးနွေးထားတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့သူရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးအောင်ကိုမင်း ၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၃)မဲ၊ ကန့်ကွက်မဲ (၇၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄ ဖြစ်ပါတယ်။ မူလဥပဒေ အခန်း(၇)၊ ပြစ်မှုနှင့် ပြစ်ဒဏ် အခန်းခေါင်းစဉ်ရဲ့ အောက်မှာ အပိုဒ် ၁၈ အဖြစ် အသစ်ဖြည့်စွက်ဖို့ ဖြစ်ပါတယ်။ ဒီအချက်ကိုလည်း ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းသန်းနိုင်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတင်လင်းဦး တို့က အသစ်ဖြည့်စွက်ရန် မသင့်ကြောင်း ဆွေးနွေးထားတာဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင် ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့သူရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် နှင့် ဒုတိယဗိုလ်မှူးကြီး တင်လင်းဦး တို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၆)မဲ၊ ကန့်ကွက်မဲ (၇၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ပြင်ဆင်တဲ့ဥပဒေ အပိုဒ် ၆ နဲ့ အပိုဒ် ၇ တို့ကို တင်ပြမှာဖြစ်ပါတယ်။ အပိုဒ် ၆ ကတော့ ပြန်လည်အမှတ်စဉ်ထားတဲ့ မူလဥပဒေ ပုဒ်မ ၂၀ မှာ ပြင်ဆင်ဖြည့်စွက်ချက် ဖြစ်ပြီးတော့ အပိုဒ် ၇ ကတော့ ပြန်လည်အမှတ်စဉ်ထားတဲ့ မူလဥပဒေပုဒ်မ ၂၅ မှာ စကားရပ် အစားထိုးချက် ဖြစ်ပါတယ်။ ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလွှတ်တော်က အတည်ပြုပေးခဲ့တဲ့ အပိုဒ် ၁၈ အသစ်ဖြည့်စွက်ချက်မှာ ပြစ်ဒဏ်ဟာ (၃)နှစ် မဟုတ်တော့ဘဲနဲ့ (၂)နှစ်အဖြစ် အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ်ခွဲ(က)(ခ) တို့ဟာ လိုအပ်ခြင်းမရှိတော့တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်က ပြင်ဆင်ချက်တွေနဲ့ အတည်ပြုလိုက်တဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကလွဲ၍ ကျန်တဲ့ ဥပဒေရဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ထားရှိ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဥတ္တ၄**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥတ္တ၄**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(ဖ)အရ ဤဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စရပ်များ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း၊ ယင်းအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ခြင်းဟု ဖော်ပြထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အခုဥပဒေဟာလည်း ၅-၃-၂၀၁၈ က စဆွေးနွေးပြီးတော့ အဲဒီမှာကတည်းက ကန့်ကွက်အဆိုတင်ခဲ့တာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(ဖ)အရ ဥက္ကဋ္ဌ က လွှတ်တော်၏ ဆန္ဒရယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ဆောင်ရွက်သွားဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဲဒါဆို စောစောက ကိုယ်စားလှယ်ကြီး ကန့်ကွက်သွားတဲ့ နေရာမှာ ဥက္ကဋ္ဌက သတ်မှတ်ထားသည့် နေ့တွင်သာ ယင်းအဆိုကို တင်သွင်းရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ရဲ့ ဆန္ဒကို ရယူပြီးတော့ ရက်သတ်မှတ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(ဖ)အရ ဥက္ကဋ္ဌက လွှတ်တော်ရဲ့ဆန္ဒ ရယူပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၉။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၂၉။**

**ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဖြစ်သူ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ကျွန်မ ဒေါ်ကျိန်ငိုက်မန် မှ ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၃း၃၀ နာရီအချိန်တွင်ရပ်နားပါသည်။]